**တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ (၂၄-၉-၂၀၂၆)**

**မေးမြန်းခဲ့သော မေးခွန်းများနှင့် ဖြေကြားချက် အကျဉ်းချုပ်**

| စဉ် | မေးခွန်း | အဖြေ |
|---|---|---|
| ၁ | **ဦးဝင်းဆွေ(ခ)ဦးဝင်းရွှေ၊ လပွတ္တာမဲဆန္ဒနယ်**က ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနအား ခရိုင်မြို့များတွင် တိုးချဲ့ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။ | **ပို့ဆောင်ရေးဝန်ကြီးဌာန**က ယာဉ်နှင့် ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်း လုပ်ငန်းများအား နယ်လှည့်ဆောင်ရွက်ပေးလျက်ရှိသဖြင့် လတ်တလောတွင် ခရိုင်ရုံးအသစ်များဖွင့်လှစ်ရန် အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားပါသည်။ |
| ၂ | **ဦးထွန်းလွင်၊ ချောင်းဦးမဲဆန္ဒနယ်**က Digital အသွင်ကူးပြောင်းရေး ဆောင်ရွက်ရာတွင် ကုန်ကျစရိတ်နှင့် ရလဒ်ကို မည်ကဲ့သို့စောင့်ကြည့်မှု ပြုလုပ်ပြီး ပိုမိုတိုးတက်အောင် လုပ်ဆောင်နေမှု အခြေအနေကို ရှင်းလင်း ပြောကြားရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။ | **ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**က အမျိုးသား ဒီဂျစ်တယ် ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာအရ ပြည်သူများအပေါ် အကျိုးပြုသည့် ရလဒ်ကောင်းများ ရရှိနိုင်ရေး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားပါသည်။ |
| ၃ | **ဦးဉာဏ်ဝင်းထိုက်၊ ဗိုလ်တထောင်မဲဆန္ဒနယ်**က ပြည်သူ့စစ်မှုထမ်း တာဝန်ထမ်းဆောင်မှုအား စနစ်နှင့်အညီ အကောင်အထည်ဖော်နိုင်ရေး မည်သို့ ဆောင်ရွက်မည်နှင့် ဆက်လက် ဆောင်ရွက်နေသည်ကို ပြည်သူသိရှိနိုင်ရေး အသိပညာပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိ လိုခြင်း မေးမြန်းပါသည်။ | **ကာကွယ်ရေးဝန်ကြီးဌာန**က ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးလုပ်ငန်း စဉ်သည် နိုင်ငံတော်နှင့် တပ်မတော်အတွက် အလွန်အရေးကြီးပြီး နိုင်ငံတော် ကာကွယ်ရေးအတွက် မဖြစ်မနေ လုပ်ဆောင်ရသည့် လုပ်ငန်းစဉ်ကြီး ဖြစ်ပါ၍ ဥပဒေ၊ နည်းဥပဒေများ နှင့်အညီ စနစ်တကျဖြင့် အသေးစိတ် စီမံလုပ်ဆောင်လျက်ရှိပါကြောင်း ဖြေကြားပါသည်။ |
| ၄ | **ဒေါ်ဇာခြည်လွင်၊ မိုးညိုမဲဆန္ဒနယ်**က သစ်တောသစ်ပင် စိမ်းလန်း စိုပြည်ရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးမူဝါဒများချမှတ်ပြီး မည်သည့် ဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည်ကို သိရှိလိုခြင်း မေးမြန်းပါသည်။ | **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**က ယခု ဘဏ္ဍာနှစ်မှ ၂၀၃၄ -၂၀၃၅ ဘဏ္ဍာနှစ်အထိ စီမံချက်များအသီးအသီးရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း ဖြေကြားပါသည်။ |

| စဉ် | မေးခွန်း | အဖြေ |
|---|---|---|
| ၅ | **ဦးဇော်နိုင်၊ စလင်းမဲဆန္ဒနယ်**က စလင်းမြို့နယ်၊ အ.ထ.က (ခွဲ)၊ တ/ရုံးပင်ကန်ကျောင်းတွင် (၂)ထပ်ကျောင်းဆောင်သစ်ကို မည်သည့်ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ပေးမည်ကို သိရှိလိုခြင်း မေးမြန်းပါသည်။ | **ပညာရေးဝန်ကြီးဌာန**က အန္တရာယ်ရှိ အဆောင်အား ဖျက်သိမ်း၍ (၁၄၀ x ၃၀) ပေ RCC နှစ်ထပ် ဆောက်လုပ်ခြင်းကို လာမည့်ဘဏ္ဍာနှစ်များတွင် လျာထား၍ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၆ | **ဦးသန်းထွန်း၊ ပုသိမ်မဲဆန္ဒနယ်**က ပုသိမ်မြို့နယ်၊ ရွှေသောင်ယံမြို့၊ သပေါ့ကန်ကျေးရွာ၊ အ.ထ.ကကျောင်းအား RC နှစ်ထပ်ကျောင်းဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။ | **ပညာရေးဝန်ကြီးဌာန**က အန္တရာယ်ရှိ အဆောင်အား ဖျက်သိမ်း၍ (၁၁၀ x ၃၀ ) ပေ RCC (၂) ထပ် ဆောက်လုပ်ရန် လာမည့်ဘဏ္ဍာနှစ်များတွင် လျာထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၇ | **ဒေါက်တာထိန်ဝင်း၊ ကျောင်းကုန်းမဲဆန္ဒနယ်**က ကျောင်းကုန်းမြို့နယ်၊ ဝက်ချောင်းကျေးရွာ၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် ကျောင်းဆောင်သစ်ဆောက်လုပ်ပေးရန် အစီအစဉ်ရှိမရှိ သိရှိလိုခြင်း မေးမြန်းပါသည်။ | **ပညာရေးဝန်ကြီးဌာန**က စာသင်ခန်း လိုအပ်ချက်ရှိလာပါက (၆၀x၃၀) ပေ RCC (၁) ထပ် ဆောက်လုပ်ရန် လာမည့်ဘဏ္ဍာနှစ်များတွင် လျာထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၈ | **ဦးခင်မောင်ချင်း၊ မြဝတီမဲဆန္ဒနယ်**က မြဝတီမြို့နယ်ရှိ ပင်မဓာတ်အားခွဲရုံအား ပြုပြင်တည်ဆောက်ပြီး လျှပ်စစ်ဓာတ်အား ပြန်လည်ဖြန့်ဖြူး ပေးရန် အစီအစဉ်ရှိ၊ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။ | **လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**က မြဝတီမြို့နယ်သို့ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန် နှစ်ထပ်ဓာတ်အားလိုင်းများကို ပြန်လည်ပြုပြင်နိုင်ရေးအတွက် ကနဦးကွင်းဆင်းစစ်ဆေးခြင်း လုပ်ငန်းများ စတင်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၉ | **ဦးအောင်ကျော်သူ၊ မလှိုင် မဲဆန္ဒနယ်**က မလှိုင်မြို့နယ်၊ ရွှေစုခင်နှင့် သဘွတ်ကုန်းရွာတို့တွင် လျှပ်စစ်မီးမရရှိသေးသဖြင့် လိုင်းများသွယ်တန်းပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။ | **လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**က လိုအပ်သော ၄၀၀ ဗို့ ဓာတ်အားလိုင်း တည်ဆောက်ခြင်းလုပ်ငန်းများကို ရန်ပုံငွေရရှိမှု အပေါ်မူတည်ပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားပါသည်။ |
| ၁၀ | **ဦးဝင်းငွေး၊ လယ်ဝေး မဲဆန္ဒနယ်**က လယ်ဝေးမြို့နယ်၊ အေလာနှင့် သာဝတ္ထိနယ်မြေအတွင်းမှ ရွာများအား(၄၀၀) ဗို့ဓာတ်အားလိုင်းများ | **လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**က တည်ဆောက်ပေးရန် ကျန်ရှိသည့် ၁၁ ကေဗွီ နှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်း၊ ၁၁/၀.၄ ကေဗွီထရန် စဖော်မာ |

| စဉ် | မေးခွန်း | အဖြေ |
|---|---|---|
| | တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။ | တို့ကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်မှစတင်၍ နှစ်အလိုက် လျာထား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၁၁ | **ဦးဗိုလ်ဝင်း၊ ပေါင် မဲဆန္ဒနယ်**က ပေါင်မြို့နယ်၊ အလုပ်ကျေးရွာ၊ ပင်လယ်ကမ်းခြေ ပတ်တာ ကျောက်စီတား တမံတွင် ကျန်ရှိနေသော ၁၀၅၀ ပေ ကို ကွန်ကရစ်တားတမံအဖြစ် မည်သည့် ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း မေးမြန်းပါသည်။ | **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**က တာပေါင် အလျား (၃၀၀)ပေ တည်ဆောက်ခြင်းကို ယခုဘဏ္ဍာနှစ် ဖြည့်စွက်ရန်ပုံငွေတွင် တင်ပြထားပြီး ကျန်ရှိသည့် တာပေါင်များကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် လျာထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၁၂ | **ဦးဌေးဝင်း၊ ဟသ်ာတ မဲဆန္ဒနယ်**က ဟသ်ာတမြို့၊ သပြုဆိပ် အုတ်သျှစ်ကုန်းနှင့် ဝဲကြီးကျေးရွာများရှိ တာပေါင်များအား ခိုင်ခန့်အောင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။ | **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**က ကမ်းပြိုကာကွယ်ခြင်း လုပ်ငန်းအပါအဝင် တာဝိုင်းပြုပြင်ခြင်း လုပ်ငန်းများကို အနီးစပ်ဆုံး ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၁၃ | **ဦးစိုင်းကံ၊ မိုင်းရှူး မဲဆန္ဒနယ်**က မိုင်းရှူးမြို့နယ်၊ နမ့်အွန်ချောင်းပေါ်ရှိ ဖိုင်အွန်ဆည်ကို သစ်ရိုက်ကျောက်ဖြည့်ဆည်အဖြစ်မည့်သည့် ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း မေးမြန်းပါသည်။ | **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**က ဆည်နှင့် အသစ်တူးဖော်မည့် ရေပေးမြောင်းအား ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် လျာထား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၁၄ | **ဦးသန့်ဇော်၊ ကွမ်းခြံကုန်းမဲဆန္ဒနယ်**က ကွမ်းခြံကုန်းမြို့နယ်ဆိပ်ကြီး ကျေးရွာအုပ်စုရှိ ဖီမခိုင်ရိုးဟောင်းအား မည်သည့် ဘဏ္ဍာနှစ်တွင် တူးဖော်ပေးမည်ကို သိရှိလိုခြင်း မေးမြန်းပါသည်။ | **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**က ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင်တင်ပြတောင်းခံထားပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားပါသည်။ |
| ၁၅ | **ဦးမြင့်ကို၊ တနိုင်း မဲဆန္ဒနယ်**က တနိုင်းမြို့နယ်၊ ကိုင်ထောင်ချောင်း တစ်လျှောက် သဲနုန်းများတူးဖော်ခြင်း၊ တာပေါင်မြှင့်တင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊မရှိ သိရှိလိုခြင်းမေးမြန်းပါသည်။ | **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**က ရေကြီးရေလျှံမှုမှ လျော့ပါးသက်သာစေရေး စိစစ်လေ့လာတိုင်းတာမှုများ ဆောင်ရွက်ပြီး နီးစပ်ရာ ဘဏ္ဍာနှစ်မှစတင်၍ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားပါသည်။ |